# မဟာသတိပဋ္ဌာနသုတ်
E F

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

၁။ လဒ္ဓါ ပေါသော သုမင္ဂုဿံ၊ ရတနာနီ'ဓ နိဒ္ဒဟော။
ဧဝံ ဒေသေသိ ဂမ္ဘီရံ၊ ဘဂဝါ ကုရုဝါသိနံ။

၂။ ဧကောဝီသတိဋ္ဌာနေသု၊ အရဟတ္တေ သုခေပိယ။
သောကာဒုပဒ္ဒဝဂ္ဃါတံ၊ ဝိသုဒ္ဓါဒိတ္ထ'မာဝဟံ။

၃။ ပဏ္ဏုကမ္ဗလဝေဿောဝ၊ သတ္တဝဏ္ဏံ ပကာသယံ။
စရိတာဒိနုလောမေန၊ စတုဓာ တံ ဘဏာမ ဟေ။

၁၀၅။ ဧဝံ မေ သုတံ- ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံ နာမ ကုရူနံ နိဂမော။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။ "ဘဒ္ဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ -

၁၀၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် -

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ရဟန်း တို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား"ဟု ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရား သည် ဤတရားကို ဟောတော်မူ၏။

## ဥဒ္ဒေသ

၁၀၆။ ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ, သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

## သတိပဋ္ဌာန်လေးပါးအကျဉ်းချုပ်

၁၀၆။ ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း, ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

ကတမေ စတ္တာရော? ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

## ဥဒ္ဒေသော နိဋ္ဌိတော။

လေးပါးတို့ဟူသည် အဘယ်တို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ **အဘိဇ္ဈာ, ဒေါမနဿ**ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

- ✔ *သတိ = အောက်မေ့ခြင်း* ✔ *လောက = ဥပါဒါနက္ခန္ဓာလောက*
- ✔ *အဘိဇ္ဈာ = လိုချင်တပ်မက်ခြင်း* ✔ *ဒေါမနဿ = နှလုံးမသာခြင်း*

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ, ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ, ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ, ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## သတိပဋ္ဌာန်လေးပါးအကျဉ်းချုပ်ပြီး၏ ။

## ကာယာနုပဿနာ အာနာပါနပဗ္ဗ

၁၀၇။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

## (၁) ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

၁၀၇။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ ဖြစ်စေ တင်ပလ္လင်ခွေ ပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် ထိုင်၏။

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။ ဒီဃံ ဝါ အဿသန္တော "ဒီဃံ အဿသာမီ"တိ ပဇာနာတိ။ ဒီဃံ ဝါ ပဿသန္တော "ဒီဃံ ပဿသာမီ"တိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော "ရဿံ အဿသာမီ"တိ ပဇာနာတိ။ ရဿံ ဝါ ပဿသန္တော "ရဿံ ပဿသာမီ"တိ ပဇာနာတိ။ "သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီ"တိ သိက္ခတိ။ "သဗ္ဗကာယ-ပဋိသံဝေဒီ ပဿသိဿာမီ"တိ သိက္ခတိ။ "ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ"တိ သိက္ခတိ။ "ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ"တိ သိက္ခတိ။

ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက် လေကို **ရှိုက်**၏။ သတိရှိလျက် သာလျှင် ဝင်သက် လေကို ရှူ၏။ ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်"ဟု သိ၏။ ရှည်ရှည် ရှူလျှင်လည်း "ရှည်ရှည်ရှူသည်"ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်"ဟု သိ၏။ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်"ဟု သိ၏။ (ထွက်သက်လေ၏) "အစ အလယ် အဆုံး

အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်”ဟု ကျင့်၏။ (ဝင်သက်လေ၏) “အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှုမည်”ဟု ကျင့်၏။ “ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်”ဟု ကျင့်၏။ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှုမည်”ဟု ကျင့်၏။

✔ *ရှိုက် = ဝမ်းဗိုက်ကို ရှိုက်၍ လွှတ်ရသည်ကို ရည်၍ ထွက်လေ လွှတ်သည်ကို ရှိုက်သည်ဟု ဝေါဟာရပြုသည်။*

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော “ဒီဃံ အဉ္ဆာမိ”တိ ပဇာနာတိ၊ ရဿံ ဝါ အဉ္ဆန္တော “ရဿံ အဉ္ဆာမိ”တိ ပဇာနာတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဒီဃံ ဝါ အဿသန္တော “ဒီဃံ အဿသာမိ”တိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော “ဒီဃံ ပဿသာမိ”တိ ပဇာနာတိ။ ရဿံ ဝါ အဿသန္တော “ရဿံ အဿသာမိ” တိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော “ရဿံ ပဿသာမိ”တိ ပဇာနာတိ။ “သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ”တိ သိက္ခတိ၊ “သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမိ”တိ သိက္ခတိ။ “ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိ”တိ သိက္ခတိ၊ “ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိ”တိ သိက္ခတိ။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်ငှင်း၊ ပွတ်သမား၏ တပည့်သည်ငှင်း (ပွတ်ကြိုးကို)ရှည်ရှည်ဆွဲငင်လျှင်လည်း “ရှည်ရှည်ဆွဲငင်သည်”ဟု သိ၏။ (ပွတ်ကြိုးကို) တိုတိုဆွဲငင်လျှင်လည်း “တိုတိုဆွဲငင်သည်”ဟု သိ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည် ရှိုက်လျှင်လည်း “ရှည်ရှည်ရှိုက်သည်”ဟု သိ၏။ ရှည်ရှည် ရှုလျှင်လည်း “ရှည်ရှည်ရှုသည်”ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း “တိုတိုရှိုက်သည်”ဟု သိ၏။ တိုတိုရှုလျှင်လည်း “တိုတိုရှုသည်”ဟု သိ၏။ (ထွက်သက်လေ၏) “အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်”ဟု ကျင့်၏။ (ဝင်သက်လေ၏) “အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှုမည်”ဟု ကျင့်၏။ “ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်”ဟု ကျင့်၏။ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှုမည်”ဟု ကျင့်၏။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ "အတ္ထိ ကာယော"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

**အာနာပါနပဗ္ဗံ နိဋ္ဌိတံ။**

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်အကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်း, ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှာသာဖြစ်၏။ အဆင့်အဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်းပြီး၏။**

## ကာယာနုပဿနာ ဣရိယာပထပဗ္ဗ

၁၀၈။ ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ “ဂစ္ဆာမီ”တိ ပဇာနာတိ၊ ဌိတော ဝါ “ဌိတောမှီ”တိ ပဇာနာတိ၊ နိသိန္နော ဝါ “နိသိန္နောမှီ”တိ ပဇာနာတိ၊ သယာနော ဝါ “သယာနောမှီ”တိ ပဇာနာတိ၊ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ “အတ္ထိ ကာယော”တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## ဣရိယာပထပဗ္ဗံ နိဋ္ဌိတံ။

## (၂) ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း

၁၀၈။ ရဟန်းတို့ တဖန်ထို့အပြင်လည်း ရဟန်းသည် သွားလျှင်လည်း “သွားသည်”ဟု သိ၏။ ရပ်လျှင်လည်း “ရပ်သည်”ဟု သိ၏။ ထိုင်လျှင်လည်း “ထိုင်သည်”ဟု သိ၏။ လျောင်းလျှင် လည်း “လျောင်းသည်”ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာ အားဖြင့် တည်နေ၏။ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (ပ) ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

**ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

## ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ

၁၀၉။ ပုန စပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

**သမ္ပဇာနပဗ္ဗံ နိဋ္ဌိတံ။**

## (၃) သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း

၁၀၉။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုးရာ နောက်သို့ဆုတ်ရာ၌ သိလျက် ပြုလေ့ရှိ၏။ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကွေးရာ ဆန့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သိလျက် ပြုလေ့ရှိ၏။ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက် ပြုလေ့၏။ ကျင်ကြီး ကျယ်ငယ်စွန့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက် ပြုလေ့ရှိ၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

**သတိသမ္ပဇဉ် ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

## ကာယာနုပဿနာ ပဋိကူလမနသိကာရပဗ္ဗ

၁၁၀။ ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ “အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တ”န္တိ။

## (၄) စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

၁၁၀။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင်အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏။ “ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သည်ရှိ၏”ဟု စူးစိုက် ဆင်ခြင်၏။

သေယျထာပိ ဘိက္ခဝေ ဥဘတောမုခါ ပုတောဠိ ပူရာ နာနာဝိဟိတဿ ဓညဿ။ သေယျထိဒံ? သာလီနံ ဝီဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ။ တမေနံ စက္ခုမာ ပုရိသော မုဉ္စိတွာ ပစ္စဝေက္ခေယျ “ဣမေ သာလီ ဣမေ ဝီဟီ ဣမေ မုဂ္ဂါ ဣမေ မာသာ ဣမေ တိလာ ဣမေ တဏ္ဍုလာ”တိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ “အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ ။ ပ ။ မုတ္တ”န္တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

**ပဋိကူလမနသိကာရပဗ္ဗံ နိဋ္ဌိတံ။**

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက် ရှိရာ၏။ အဘယ်စပါးတို့နည်းဟူမူ - သလေစပါး၊ ကောက်ကြီးစပါး၊ ပဲနောက်၊ ပဲကြီး၊ နှမ်း၊ ဆန်တို့တည်း။ မျက်စိအမြင်ရှိသော ယောက်ျားသည် ထိုအိတ်ကို ဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း။ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း။ ဤသည်တို့ကား ပဲနောက်တို့တည်း။ ဤသည်တို့ကား ပဲကြီးတို့တည်း။ ဤသည်တို့ကား နှမ်းတို့တည်း။ ဤသည်တို့ကား ဆန်တို့တည်း"ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ -

ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှ အထက်, ဆံဖျားမှ အောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်း ကိုပင် စူးစိုက်ဆင်ခြင်၏။ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ ။ပ။ ကျင်ငယ်သည်ရှိ၏"ဟု (စူးစိုက် ဆင်ခြင်၏။)။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**စက်ဆုတ်ဖွယ်ဟု နှလုံးသွင်းဆင်ခြင်ခြင်း အပိုင်းပြီး၏။**

## ကာယာနုပဿနာ ဓာတုမနသိကာရပဗ္ဗ

၁၁၁။ ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ "အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူ"တိ။

## ၅– ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

၁၁၁။ ရဟန်းတို့ တဖန်ထို့အပြင်လည်း ရဟန်းသည် "ဤရုပ်အပါင်း၌ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ "အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူ"တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

**ဓာတုမနသိကာရပဗ္ဗံ နိဋ္ဌိတံ။**

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်၎င်း၊ နွားသတ်သမား၏ တပည့်သည်၎င်း၊ နွားကိုသတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာ သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက် ဆင်ခြင်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌လည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

**ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်းပြီး၏။**

## ကာယာနုပဿနာ နဝသိဝထိကပဗ္ဗ

၁၁၂။ ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟမတံ ဝါ ဒွီဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

## သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၂။ ရဟန်းတို့ ထို့ပြင်လည်း ရဟန်းသည် သေ၍ တစ်ရက်ရှိသော သူသေကောင်၊ သေ၍ နှစ်ရက်ရှိသော သူသေကောင်၊ သေ၍ သုံးရက်ရှိသော သူသေကောင်၊ ဖူးရောင်နေသော သူသေကောင်၊ ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်၊ ပြည်ကဲ့သို့ စက်ဆုတ်ဖွယ် အပုတ်ရည်ယိုစီးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ကာကေဟိ ဝါ ခဇ္ဇမာနံ ကုလလေဟိ ဝါ ခဇ္ဇမာနံ ဂိဇ္ဈေဟိ ဝါ ခဇ္ဇမာနံ ကင်္ကေဟိ ဝါ ခဇ္ဇမာနံ သုနခေဟိ ဝါ ခဇ္ဇမာနံ ဗျဂ္ဃေဟိ ဝါ ခဇ္ဇမာနံ ဒီပီဟိ ဝါ ခဇ္ဇမာနံ သိင်္ဂါလေဟိ ဝါ ခဇ္ဇမာနံ ဝိဝိဓေဟိ ဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဝိဘာဝီ ဧဝံအနတီတော"တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ခဲစားအပ်သည်မူလည်းဖြစ်သော စွန်ရဲတို့ ခဲစားအပ်သည်မူလည်းဖြစ်သော လင်းတတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ဘုံမတီးငှက်တို့ ခဲစားအပ်သည်မူလည်းဖြစ်သော ခွေးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော ကျားတို့ ခဲစားအပ်သည်မူလည်းဖြစ်သော သစ်တို့ ခဲစားအပ်သည်မူလည်းဖြစ်သော မြေခွေးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည်မူလည်းဖြစ်သော သင်းချိုင်း၌ စွန့်ပစ်ထားအပ်သော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ။ ပ ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ သမံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံ ဓမ္မော ဧဝံ ဘာဝီ ဧဝံ အနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့ တဖန်ထို့အပြင်လည်း ရဟန်းသည် အသား အသွေး ရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာသကဲ့သို့ ။ ပ ။

ပုန စပရံ ဘိက္ခဝေ သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ နိမံသလောဟိတမက္ခိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုးဆက်လျက် ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို ။ပ။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကသင်္ခလိကံ  အပဂတမံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ “အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော”တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစုဖြစ်သော သင်းချိုင်း၌ စွန့်ပြစ်အပ်သော သူသေကောင်ကို ။ ပ ။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ အပဂတသမ္ဗန္ဓာနိ ဒိသာ ဝိဒိသာဝိက္ခိတ္တာနိ၊ အညေန ဟတ္ထဋ္ဌိကံ အညေန ပါဒဋ္ဌိကံ အညေန ဂေါပ္ဖကဋ္ဌိကံ အညေန ဇင်္ဃဋ္ဌိကံ အညေန ဦရုဋ္ဌိကံ အညေန ကဋိဋ္ဌိကံ အညေန ဖာသုကဋ္ဌိကံ အညေန ပိဋ္ဌိဋ္ဌိကံ အညေန  ခန္ဓဋ္ဌိကံ အညေန ဂီဝဋ္ဌိကံ အညေန ဟနုကဋ္ဌိကံ အညေန ဒန္တဋ္ဌိကံ အညေန သီသကဋာဟံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ “အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော”တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

တစ်နေရာ၌ လက်ရိုး တစ်နေရာ၌ ခြေရိုး တစ်နေရာ၌ ခြေဖမျက်ရိုး တစ်နေရာ၌ မြင်းခေါင်းရိုး တစ်နေရာ၌ ပေါင်ရိုး တစ်နေရာ၌ ခါးရိုး တစ်နေရာ၌ နံရိုး တစ်နေရာ၌ ကျောက်ကုန်းရိုး တစ်နေရာ၌ ပခုံးရိုး တစ်နေရာ၌ လည်ပင်းရိုး တစ်နေရာ၌ မေးရိုး တစ်နေရာ၌ သွားရိုး တစ်နေရာ၌ ဦးခေါင်းခွံအားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် “ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘောဖြစ်လိမ့်မည်သာ တည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်”ဟု ဤရုပ်အပေါင်းကို သာလျှင်  နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိ သည်ဖြစ်၍ နေ၏။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ သေတာနိ သင်္ခဝဏ္ဏပဋိဘာဂါနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့ တစ်ဖန်ထို့ပြင်လည်း ရဟန်းသည် ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ။ ပ။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ ပုဉ္ဇကိတာနိ တေရောဝဿိကာနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ။ ပ ။ ဝိဟရတိ။

နှစ်လွန်လျက် စုပုံနေသော သင်းချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစုသူသေကောင်တို့ကို မြင်ရာသကဲ့သို့ ။ ပ ။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိကာနိ ပူတီနိ စုဏ္ဏကဇာတာနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"တိ။

ဆွေးမြေ့လျက် အမှုန့်ဖြစ်ကုန်သော သင်းချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ - ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သောသဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန် ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (ပ) ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

**နဝသိဝထိကပဗ္ဗံ နိဋ္ဌိတံ။**

**စုဒ္ဒသ ကာယာနုပဿနာ နိဋ္ဌိတာ။**

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (ပ) ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

**သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

**ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တဆယ့်လေးပါးပြီး၏။**

## ဝေဒနာနုပဿနာ

၁၁၃။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော "သုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော "ဒုက္ခံ ဝေဒနံ ဝေဒယာမီ" ပဇာနာတိ။ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော "အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော "သာမိသံ သုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော "နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော "သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော "နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော "အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။ နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော "နိရာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီ"တိ ပဇာနာတိ။

## ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါး

၁၁၃။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်"ဟု သိ၏။ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်"ဟု သိ၏။ အဒုက္ခမသုခဝေဒနာကို ခံစားလျှင်လည်း "အဒုက္ခမသုခ ဝေဒနာကို ခံစားသည်"ဟု သိ၏။

- ✔ *ဝေဒနာ = ခံစားခြင်း*
- ✔ *သုခဝေဒနာ = ချမ်းသာသောခံစားခြင်း*
- ✔ *ဒုက္ခဝေဒနာ = ဆင်းရဲသောခံစားခြင်း*
- ✔ *အဒုက္ခမသုခဝေဒနာ = ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားခြင်း။*

<u>ကာမဂုဏ်နှင့်စပ်သော</u> ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို

ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။

ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ "အတ္ထိ ဝေဒနာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

### ဝေဒနာနုပဿနာ နိဋ္ဌိတာ။

ဤသို့ မိမိ၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်းနေ၏။ ထို့ပြင် "ဝေဒနာသည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

### ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါး ပြီး၏။

## စိတ္တာနုပဿနာ

၁၁၄။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ "သရာဂံ စိတ္တ"န္တိ ပဇာနာတိ။ ဝီတရာဂံ ဝါ စိတ္တံ "ဝီတရာဂံ စိတ္တ"န္တိ ပဇာနာတိ။ သဒေါသံ ဝါ စိတ္တံ "သဒေါသံ စိတ္တ"န္တိ ပဇာနာတိ။ ဝီတဒေါသံ ဝါ စိတ္တံ "ဝီတဒေါသံ စိတ္တ"န္တိ ပဇာနာတိ။ သမောဟံ ဝါ စိတ္တံ "သမောဟံ စိတ္တ"န္တိ ပဇာနာတိ။ ဝီတမောဟံ ဝါ စိတ္တံ "ဝီတမောဟံ စိတ္တ"န္တိ ပဇာနာတိ။ သံခိတ္တံ ဝါ စိတ္တံ "သံခိတ္တံ စိတ္တ"န္တိ ပဇာနာတိ။ ဝိက္ခိတ္တံ ဝါ စိတ္တံ "ဝိက္ခိတ္တံ စိတ္တ"န္တိ ပဇာနာတိ။ မဟဂ္ဂတံ ဝါ စိတ္တံ "မဟဂ္ဂတံ စိတ္တ"န္တိ ပဇာနာတိ။ အမဟဂ္ဂတံ ဝါ စိတ္တံ "အမဟဂ္ဂတံ စိတ္တ"န္တိ ပဇာနာတိ။ သဥတ္တရံ ဝါ စိတ္တံ "သဥတ္တရံ စိတ္တ"န္တိ ပဇာနာတိ။ အနုတ္တရံ ဝါ စိတ္တံ "အနုတ္တရံ စိတ္တ"န္တိ ပဇာနာတိ။ သမာဟိတံ ဝါ စိတ္တံ "သမာဟိတံ စိတ္တ"န္တိ ပဇာနာတိ။ အသမာဟိတံ ဝါ စိတ္တံ "အသမာဟိတံ စိတ္တ"န္တိ ပဇာနာတိ။ ဝိမုတ္တံ ဝါ စိတ္တံ "ဝိမုတ္တံ စိတ္တ"န္တိ ပဇာနာတိ။ အဝိမုတ္တံ ဝါ စိတ္တံ "အဝိမုတ္တံ စိတ္တ"န္တိ ပဇာနာတိ။

## စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါး

၁၁၄။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။

✔ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရာဂနှင့်တကွသော စိတ်ကိုလည်း "ရာဂနှင့် တကွသော စိတ်"ဟု သိ၏။ ရာဂကင်းသော စိတ်ကိုလည်း "ရာဂကင်းသော စိတ်"ဟု သိ၏။

✔ *ရာဂ = တပ်မက်ခြင်း*

✔ ဒေါသနှင့်တကွသော စိတ်ကိုလည်း "ဒေါသနှင့်တကွသော စိတ်"ဟု သိ၏။ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသကင်းသော စိတ်"ဟု သိ၏။

✔ *ဒေါသ = အမျက်ထွက်ခြင်း*

✔ မောဟနှင့်တကွသော စိတ်ကိုလည်း "မောဟနှင့်တကွသော စိတ်"ဟု သိ၏။ မောဟကင်းသော စိတ်ကိုလည်း "မောဟ ကင်းသော စိတ်"ဟု သိ၏။

✔ *မောဟ = တွေဝေခြင်း*

✔ သံခိတ္တစိတ်ကိုလည်း "သံခိတ္တစိတ်"ဟု သိ၏။ ဝိက္ခိတ္တစိတ်ကိုလည်း "ဝိက္ခိတ္တစိတ်"ဟု သိ၏။

✔ *သံခိတ္တ = ကျုံ့သောစိတ်* ✔ *ဝိက္ခိတ္တ = ပျံ့သောစိတ်*

✔ မဟဂ္ဂုတ်စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်"ဟု သိ၏။ အမဟဂ္ဂုတ်စိတ်ကိုလည်း "အမဟဂ္ဂုတ်စိတ်"ဟု သိ၏။

✔ *မဟဂ္ဂတ = ရူပ, အရူပစိတ်* ✔ *အမဟဂ္ဂတ = ကာမာဝစရစိတ်*

✔ သဉတ္တရစိတ်ကိုလည်း "သဉတ္တရစိတ်"ဟု သိ၏။ အနုတ္တရစိတ်ကိုလည်း "အနုတ္တရစိတ်"ဟု သိ၏။

✔ *သဉတ္တရ = လောကီစိတ်* ✔ *အနုတ္တရ = လောကုတ္တရာစိတ်*

✔ သမာဟိတစိတ်ကိုလည်း "သမာဟိတစိတ်"ဟုသိ၏။ အသမာဟိတစိတ်ကိုလည်း "အသမာဟိတစိတ်"ဟု သိ၏။

✔ *သမာဟိတ = အပ္ပနာသမာဓိ, ဉပစာရသမာဓိရှိသော တည်ကြည်သောစိတ်။*

✔ *အသမာဟိတ = သမာဓိနှစ်ပါးကင်းသော မတည်ကြည်သောစိတ်။*

✔ ဝိမုတ္တစိတ်ကိုလည်း "ဝိမုတ္တစိတ်"ဟု သိ၏။ အဝိမုတ္တစိတ်ကိုလည်း "အဝိမုတ္တစိတ်"ဟု သိ၏။

✔ *ဝိမုတ္တ = လွတ်မြောက်သောစိတ်။* ✔ *အဝိမုတ္တ = မလွတ်မြောက်သောစိတ်။*

ဣတ္ထတိ အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။ "အတ္ထိ စိတ္တ"န္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

**စိတ္တာနုပဿနာ နိဋ္ဌိတာ။**

ဤသို့ မိမိ၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ စိတ်၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ စိတ်၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ စိတ်၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်းနေ၏။ ထို့ပြင် "စိတ်သည် သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာ ကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါး ပြီး၏။**

## ဓမ္မာနုပဿနာ နီဝရဏပဗ္ဗ

၁၁၅။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု? ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ “အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော”တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ “နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော”တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

### “ သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး ”

### နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၅။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နီဝရဏ ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

✔ *နီဝရဏ = အပိတ်အပင်တရား။*

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နီဝရဏငါးပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိလျှင်လည်း “ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်”ဟု သိ၏။ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိလျှင်လည်း“ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒမရှိ”ဟု သိ၏။ မဖြစ်သေးသော ကာမစ္ဆန္ဒဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

✔ *ကာမစ္ဆန္ဒ = ကာမဂုဏ်အလို။*

သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ "အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ"တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ "နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ"တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ဗျာပါဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

မိမိ၏သန္တာန်၌ ဗျာပါဒရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဗျာပါဒရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဗျာပါဒမရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဗျာပါဒမရှိ"ဟု သိ၏။ မဖြစ်သေးသော ဗျာပါဒဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဗျာပါဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဗျာပါဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

✔ *ဗျာပါဒ = သူတပါးပျက်စီးစေလိုခြင်းသဘော။*

၃၁။ သန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ "အတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓ"န္တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ "နတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓ"န္တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ထိနမိဒ္ဓဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ထိနမိဒ္ဓဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ထိနမိဒ္ဓဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

မိမိ၏သန္တာန်၌ ထိနမိဒ္ဓရှိလျှင်လည်း "ငါ၏ သန္တာန်၌ ထိနမိဒ္ဓရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ထိနမိဒ္ဓမရှိလျှင်လည်း "ငါ၏ သန္တာန်၌ ထိနမိဒ္ဓမရှိ"ဟု သိ၏။ မဖြစ်သေးသော ထိနမိဒ္ဓဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

✔ *ထိနမိဒ္ဓ = လေးလံထိုင်းမှိုင်းခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ "အတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စ"န္တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ "နတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စကုက္ကုစ္စ"န္တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ဥဒ္ဓစ္စကုက္ကုစ္စဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

မိမိ၏သန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စမရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စမရှိ"ဟု သိ၏။ မဖြစ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

✔ *ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း။* ✔ *ကုက္ကုစ္စ = နှလုံးမသာခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ "အတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာ"တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ "နတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာ"တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

မိမိ၏သန္တာန်၌ ဝိစိကိစ္ဆာရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဝိစိကိစ္ဆာမရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာမရှိ"ဟု သိ၏။ မဖြစ်သေးသော ဝိစိကိစ္ဆာဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

✔ *ဝိစိကိစ္ဆာ = မဝေခွဲနိုင်ခြင်း။*

ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ "အတ္ထိ ဓမ္မာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

## နီဝရဏပဗ္ဗံ နိဋ္ဌိတံ။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘောတရား တို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိ သည်ဖြစ်၍မူလည်းနေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီ မတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် နီဝရဏငါးပါးသဘောတရားတို့၌ သဘောတရား တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ

၁၁၆။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု? ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော။ ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမောတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ။ ပ။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။

### ခန္ဓပဗ္ဗံ နိဋ္ဌိတံ။

### ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၆။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း။ ဤကား ရုပ်၏ ဖြစ်ကြောင်းတည်း။ ဤကား ရုပ်၏ချုပ်ရာတည်း။ ဤကား ဝေဒနာတည်း။ ဤကား ဝေဒနာ၏ ဖြစ်ကြောင်းတည်း။ ဤကား ဝေဒနာ၏ချုပ်ရာတည်း။ ဤကား <u>သညာ</u>တည်း။ ဤကား သညာ၏ ဖြစ်ကြောင်းတည်း။ ဤကား သညာ၏ချုပ်ရာတည်း။ ဤကား <u>သင်္ခါရ</u>တည်း။ ဤကား သင်္ခါရ၏ ဖြစ်ကြောင်းတည်း။ ဤကား သင်္ခါရ၏ချုပ်ရာတည်း။ ဤကား <u>ဝိညာဏ်</u>တည်း။ ဤကား ဝိညာဏ်၏ ဖြစ်ကြောင်းတည်း။ ဤကား ဝိညာဏ်၏ချုပ်ရာတည်း-ဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

*✔ သညာ = မှတ်သိခြင်း။ ✔ သင်္ခါရ = ပြုပြင်စီရင် အားထုတ်မှု။ ✔ ဝိညာဏ် = အထူးသိမှု။*

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိ သည်ဖြစ်၍ နေ၏။ မိမိသူတပါး သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရား၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်

ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့ သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဓမ္မာနုပဿနာ အာယတနပဗ္ဗ

၁၁၇။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု?

## အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၇။ ရဟန်းတို့ တဖန်ထို့အပြင်လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ <u>အာယတန</u>သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတနသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

✔ *အာယတန = ဖြစ်ရာအကြောင်း။*

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏။ အဆင်းတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသောသံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

သောတဉ္စ ပဇာနာတိ၊ သဒ္ဒေ စ ပဇာနာတိ ။ ပ ။

နားကိုလည်း သိ၏။ အသံတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဃာနဉ္စ ပဇာနာတိ၊ ဂန္ဓေ စ ပဇာနာတိ ။ ပ ။

နှာခေါင်းကိုလည်း သိ၏။ အနံ့တို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဇိဝှဉ္စ ပဇာနာတိ၊ ရသေ စ ပဇာနာတိ ။ ပ ။

လျှာကိုလည်း သိ၏။ အရသာတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကာယဉ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ ။ ပ ။

ကိုယ်ကိုလည်း သိ၏။ အတွေ့အထိတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မနဉ္စ ပဇာနာတိ၊ ဓမ္မေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု။ ပ။ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု။

**အာယတနပဗ္ဗံ နိဋ္ဌိတံ။**

စိတ်ကိုလည်း သိ၏။ သဘောတရားတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ မိမိသူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘောတရား တို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏။ ထို့ပြင် “သဘောတရားတို့သည်သာလျှင် ရှိကုန်၏”ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာ ကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ခြောက်ပါး သော အတွင်းအပ အာယတနသဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

## ဓမ္မာနုပဿနာ ဗောဇ္ဈင်္ဂပဗ္ဗ

၁၁၈။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု? ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ "နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ။

## ဗောဇ္ဈင်ခုနှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၈။ ရဟန်းတို့ တဖန်ထို့အပြင်လည်း ရဟန်းသည် ဗောဇ္ဈင်ခုနှစ်ပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနှစ်ပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *ဗောဇ္ဈင် = သစ္စာတို့ကို သိကြောင်း။*

✔ *သတိသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အောက်မေ့ခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ" တိ ပဇာနာတိ ။ ပ ။

မိမိ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *ဓမ္မဝိဇယသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော တရားသဘောကို စူးစမ်းဆင်ခြင်ခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ ။ပ။

မိမိ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *ဝီရိယသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အားထုတ်ခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ ။ ပ။

မိမိ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *ပီတိသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော နှစ်သိမ့်ခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ ။ပ။

မိမိ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *ပဿဒ္ဓိသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော ကိုယ်, စိတ် ငြိမ်းချမ်းခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈင်္ဂံ "အတ္ထိ မေ အဇ္ဈတ္တံ သမာဓိသမ္ဗောဇ္ဈင်္ဂေါ"တိ ပဇာနာတိ ။ ပ ။

မိမိ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *သမာဓိသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော တည်ကြည်ခြင်း။*

သန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ “အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ”တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ “နတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ”တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ॥ ပ॥ သတ္တသု ဗောဇ္ဈင်္ဂေသု။

## ဗောဇ္ဈင်္ဂပဗ္ဗံ နိဋ္ဌိတံ။

မိမိ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ရှိလျှင်လည်း “ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ရှိသည်”ဟု သိ၏။ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိလျှင်လည်း “ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိ”ဟု သိ၏။ မဖြစ်ပေါ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

✔ *ဥပေက္ခာသမ္ဗောဇ္ဈင် = မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အညီအမျှရှုခြင်း။*

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘောတရား တို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏။ ထို့ပြင် “သဘောတရားတို့သည်သာလျှင် ရှိကုန်၏”ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ်တိုးပွားခြင်း ငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

## ဗောဇ္ဈင်ခုနှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းပြီး၏။

### ဓမ္မာနုပဿနာ သစ္စပဗ္ဗ

၁၁၉။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု? ဣဓ ဘိက္ခဝေ ဘိက္ခု "ဣဒံ ဒုက္ခ"န္တိ ယထာဘူတံ ပဇာနာတိ၊ "အယံ ဒုက္ခသမုဒယော"တိ ယထာဘူတံ ပဇာနာတိ၊ "အယံ ဒုက္ခနိရောဓော"တိ ယထာဘူတံ ပဇာနာတိ၊ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ ယထာဘူတံ ပဇာနာတိ။

### ပဌမဘာဏဝါရော နိဋ္ဌိတော။

### သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၉။ ရဟန်းတို့ တဖန် ထို့အပြင်လည်း ရဟန်းသည် အရိယသစ္စာလေးပါးသဘော တရားတို့၌ သဘောတရားဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အရိယာသစ္စာလေးပါးသဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း"ဟု ဟုတ်မှန်သည့် အတိုင်းသိ၏။ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သည့် အတိုင်းသိ၏။ "ဤကား ဒုက္ခ၏ ချုပ်ရာတည်း"ဟု ဟုတ်မှန်သည့် အတိုင်းသိ၏။ "ဤကား <u>ဒုက္ခနိရောဓဂါမိနီပဋိပဒါ</u>တည်း"ဟု ဟုတ်မှန်သည့် အတိုင်းသိ၏။

✔ *ဒုက္ခနိရောဓဂါမိနီပဋိပဒါ = ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်။*

### ပဌမအခဏ်းပြီး၏။

## ဒုက္ခသစ္စနိဒ္ဒေသ

၁၂၀။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ? ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါပိ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

## ဒုက္ခအရိယသစ္စာ

၁၂၀။ ရဟန်းတို့ ဒုက္ခသစ္စာဟူသည် အဘယ်နည်း။ ဇာတိသည်လည်း ဒုက္ခတည်း။ ဇရာသည်လည်း ဒုက္ခတည်း။ မရဏသည်လည်း ဒုက္ခတည်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်လည်း ဒုက္ခတို့တည်း။ မချစ်ခင် မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းသည်လည်း ဒုက္ခတည်း။ ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်းသည်လည်း ဒုက္ခတည်း။ အလိုရှိသည်ကို မရခြင်းသည်လည်း ဒုက္ခတည်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခတို့တည်း။

- ✔ *ဇာတိ = ပဋိသန္ဓေတည်နေခြင်း။*
- ✔ *ဇရာ = အိုခြင်း။*
- ✔ *မရဏ = သေခြင်း။*
- ✔ *သောက = စိုးရိမ်ပူပန်ခြင်း။*
- ✔ *ပရိဒေဝ = ငိုကြွေးခြင်း။*
- ✔ *ဒုက္ခ = ကိုယ်ဆင်းရဲခြင်း။*
- ✔ *ဒေါမနဿ = စိတ်ဆင်းရဲခြင်း။*
- ✔ *ဥပါယာသ = ပြင်းစွာပူပန်ခြင်း။*

၁၂၁။ ကတမာ စ ဘိက္ခဝေ ဇာတိ? ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

၁၂၁။ ရဟန်းတို့ ဇာတိသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်း၌ ရှေးဦးစွာဖြစ်ခြင်း၊ ပြည့်စုံစွာဖြစ်ခြင်း၊ (အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း အာယတနတို့ကို ရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇာတိ-ဟူ၍ ဆိုအပ်၏။

၁၂၂။ ကတမာ စ ဘိက္ခဝေ ဇရာ? ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။

၁၂၂။ ရဟန်းတို့ ဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုခြင်း၊ အိုသောအခြင်းအရာ၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ ရုပ်အသက်ဆုတ်ယုတ်ခြင်း၊ (မျက်စိစသော)ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ရဟန်းတို့ ဤတရား သဘောကို ဇရာ-ဟူ၍ ဆိုအပ်၏။

၁၂၃။ ကတမဉ္စ ဘိက္ခဝေ မရဏံ? ယံ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ မရဏံ။

၁၂၃။ ရဟန်းတို့ မရဏသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ ရွေ့လျောခြင်း၊ ရွေ့လျောသော အခြင်းအရာ ပျက်စီးခြင်း ကွယ်ပျောက်ခြင်း သတ်ဖြတ်သေဆုံးခြင်း၊ ကွယ်လွန်ခြင်း ခန္ဓာတို့၏ ပျက်စီးခြင်း၊ ကိုယ်ကို ပစ်ချခြင်း၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မရဏဟူ၍ ခေါ်ဆိုအပ်၏။

၁၂၄။ ကတမော စ ဘိက္ခဝေ သောကော? ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။

၁၂၄။ ရဟန်းတို့ သောကသည် အဘယ်နည်း။ ရဟန်းတို့ တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တစ်မျိုးမျိုးသော ဆင်းရဲကြောင်းနှင့်တွေ့သော သတ္တဝါ၏ စိုးရိမ်ခြင်း၊ စိုးရိမ်သော အခြင်းအရာ၊ စိုးရိမ်သည့် အဖြစ်၊ အတွင်း၌ စိုးရိမ်ခြင်း၊ အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို သောကဟူ၍ ခေါ်ဆိုအပ်၏။

၁၂၅။ ကတမော စ ဘိက္ခဝေ ပရိဒေဝေါ? ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။

၁၂၅။ ရဟန်းတို့ ပရိဒေဝသည် အဘယ်နည်း။ ရဟန်းတို့ တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တစ်မျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ ငိုကြွေးခြင်း၊ ပြင်းစွာ ငိုကြွေးခြင်း၊ ငိုကြွေးသော အခြင်းအရာ၊ ပြင်းစွာငိုကြွေးသော အခြင်းအရာ၊ ငိုကြွေးသည်၏ အဖြစ် ပြင်းစွာငိုကြွေးသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ပရိဒေဝ-ဟူ၍ ခေါ်ဆို အပ်၏။

၁၂၆။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ? ယံ ခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ ကာယိကံ အသာတံ ကာယသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

၁၂၆။ ရဟန်းတို့ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့ ကိုယ်၌ ဖြစ်သော ဆင်းရဲ၊ ကိုယ်၌ဖြစ်သော မသာယာခြင်း၊ ကိုယ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခ-ဟူ၍ ဆိုအပ်၏။

၁၂၇။ ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ? ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ စေတသိကံ အသာတံ မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

၁၂၇။ ရဟန်းတို့ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့ စိတ်၌ဖြစ်သော ဆင်းရဲ၊ စိတ်၌ဖြစ်သော မသာယာခြင်း၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒေါမနဿ-ဟူ၍ ခေါ်ဆိုအပ်၏။

၁၂၈။ ကတမော စ ဘိက္ခဝေ ဥပါယာသော? ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။

၁၂၈။ ရဟန်းတို့ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့ တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တစ်မျိုးမျိုးသော ဆင်းရဲခြင်း၏ အကြောင်းနှင့် တွေ့ကြုံသော သတ္တဝါ၏ ပင်ပန်းခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း၊ ပင်ပန်းသည်၏ အဖြစ်၊ ပြင်းစွာ ပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရား သဘောကို ဥပါယာသ-ဟူ၍ ခေါ်ဆိုအပ်၏။

၁၂၉။ ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော? ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ အဟိတကာမာ အဖာသုကကာမာ အယောဂက္ခေမကာမာ၊ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ သမာဂမော သမောဓာနံ မိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

၁၂၉။ ရဟန်းတို့ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့သဘောတရားတို့သော်၎င်း၊ အကျိုးမဲ့ခြင်း အစီးအပွားမဲ့ခြင်း မချမ်းသာခြင်း ဘေးမငြိမ်းခြင်းကို လိုလားကုန်သော သူတို့သော်လည်းကောင်း ထိုသူအား ရှိကုန်၏။ ထို(အာရုံ, သတ္တဝါ)တို့နှင့် တွေ့ရခြင်း ဆုံရခြင်း ပေါင်းဖော်ရခြင်း ရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းဆင်းရဲ-ဟူ၍ ဆိုအပ်၏။

၁၃၀။ ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော? ဣဓ ယဿ တေ ဟောန္တိ ဣဋ္ဌာ ကန္တာ မနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အတ္ထကာမာ ဟိတကာမာ ဖာသုကကာမာ ယောဂက္ခေမကာမာ မာတာ ဝါ ပိတာ ဝါ ဘာတာ ဝါ ဘဂိနီ ဝါ မိတ္တာ ဝါ အမစ္စာ ဝါ ဉာတိသာလောဟိတာ ဝါ၊ ယာ တေဟိ သဒ္ဓိံ အသင်္ဂတိ အသမာဂမော အသမောဓာနံ အမိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

၁၃၀။ ရဟန်းတို့ ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွေကွင်း ကွဲကွာရခြင်းဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလား နှစ်သက် မြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောတရားတို့သော်၎င်း၊ အကျိုး အစီးအပွား ချမ်းသာခြင်း ဘေးကင်းခြင်းကို လိုလားကုန်သော အမိ, အဖ ညီအစ်ကို နှမ အစ်မ မိတ်ဆွေအပေါင်းအဖော် ဆွေမျိုးသားချင်းတို့သော်လည်းကောင်း ထိုသူအား ရှိကုန်၏။ ထို(အာရုံ, သတ္တဝါ)တို့နှင့်တကွ မတွေ့ရခြင်း မဆုံရခြင်း မပေါင်းဖော်ရခြင်း မရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ချစ်ခင်သော သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ-ဟူ၍ ခေါ်ဆိုအပ်၏။

၁၃၁။ ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ? ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န ဇာတိဓမ္မာ အဿာမ၊ န စ ဝတ နော ဇာတိ အာဂစ္ဆေယျာ"တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

၁၃၁။ ရဟန်းတို့ အလိုရှိသည်ကို မရခြင်း ဆင်းရဲသည် အဘယ်နည်း။ ရဟန်းတို့ ဇာတိသဘော ရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇာတိသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်ခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ (ဇာတိမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

ဇရာဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န ဇရာဓမ္မာ အဿာမ၊ န စ ဝတ နော ဇရာ အာဂစ္ဆေယျာ"တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

ရဟန်းတို့ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇရာသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဇရာသည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင်းတသော်လည်း ဤ(ဇရာမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

ဗျာဓိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န ဗျာဓိဓမ္မာ အဿာမ၊ န စ ဝတ နော ဗျာဓိ အာဂစ္ဆေယျာ"တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

ရဟန်းတို့ ဗျာဓိသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဗျာဓိသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဗျာဓိသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင်းတသော်လည်း ဤ (ဗျာဓိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

✔ *ဗျာဓိ = နာခြင်း။*

မရဏဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န မရဏဓမ္မာ အဿာမ၊ န စ ဝတ နော မရဏံ အာဂစ္ဆေယျာ"တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

ရဟန်းတို့ မရဏသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် မရဏသဘော မရှိကြကုန်မူ ကောင်းလေစွ၊ မရဏသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင်းတသော်လည်း ဤ (မရဏမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ အဿာမ၊ န စ ဝတ နော သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ အာဂစ္ဆေယျုံ"န္တိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒမ္ပိ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

ရဟန်းတို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား"ငါတို့သည် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသသဘောမရှိကြကုန်မူ ကောင်းလေစွ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သည် ငါတို့ထံ မလာကုန် ကောင်းလေစွ "ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ (သောက-စသည်တို့ မလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

၁၃၂။ ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ? သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓော၊ သင်္ခါရုပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓော၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

၁၃၂။ ရဟန်းတို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာဆင်းရဲတို့ဟူသည် အဘယ်တို့နည်း။ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူသည် ရုပ်ဥပါနက္ခန္ဓာ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဥပါဒါက္ခန္ဓာတို့ပေတည်း။ ရဟန်းတို့ ဤ (ဥပါဒါနက္ခန္ဓာငါးပါး)တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာဆင်းရဲတို့ဟူ၍ ဆိုအပ်ကုန်၏။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခအရိယသစ္စာဟူ၍ ဆိုအပ်၏။

✔ *ဥပါဒါနက္ခန္ဓာ = ဥပါဒါန်၏အာရုံတရားစု*

## သမုဒယသစ္စနိဒ္ဒေသ

၁၃၃။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ? ယာယံ တဏှာ ပေါ်နောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

## ဒုက္ခသမုဒယအရိယသစ္စာ

၁၃၃။ ရဟန်းတို့ ဒုက္ခသမုဒယအရိယသစ္စာသည် အဘယ်နည်း။ တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်ခြင်းနှင့်တကွ ဖြစ်သော ထိုထိုဘဝအာရုံ၌ အလွန် နှစ်သက်ခြင်းရှိသောတဏှာတည်း။ ထိုတဏှာသည် အဘယ်နည်း။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့တည်း။

- ✔ *တဏှာ = တပ်မက်ခြင်း။*
- ✔ *ကာမတဏှာ = ကာမဘုံ၌ တပ်မက်ခြင်း။*
- ✔ *ဘဝတဏှာ = ရူပ, အရူပဘုံတို့၌ တပ်မက်ခြင်း။*
- ✔ *ဝိဘဝတဏှာ = ဉစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်ခြင်း။*

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ။ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရဟန်းတို့ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း။ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် (ရှိ၏၊) ထို(တဏှာ)သည် ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်အာရုံ၌ ဖြစ်၏။ တည်သည်ရှိသော် ဤ(ချစ်ခင်ဖွယ် သာယာဖွယ်အာရုံ)၌ တည်၏။

ကိဉ္စ လောကေ ပိယရူပံ သာတရူပံ? စက္ခုံ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏။ တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။

သောတံ လောကေ (ပ) ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကၡ နားသည် ။ပ။ လောကၡ နှာခေါင်းသည် ။ ပ။ လောကၡ လျှာသည် ။ပ။ လောကၡ ကိုယ်သည် ။ပ။ လောကၡ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤစိတ်၌ ဖြစ်၏။ တည်သည်ရှိသော် ဤစိတ်၌ တည်၏။

ရူပါ လောကေ။ သဒ္ဒါ လောကေ။ ဂန္ဓာ လောကေ။ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကၡ ရူပါရုံတို့သည် ။ပ။ လောကၡ သဒ္ဒါရုံတို့သည် ။ပ။ လောကၡ ဂန္ဓာရုံတို့သည် ။ပ။ လောကၡ ရသာရုံတို့သည် ။ပ။ လောကၡ ဖောဋ္ဌဗ္ဗာရုံတို့သည် ။ပ။ လောကၡတရားသဘောတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤတရားတို့၌ ဖြစ်၏။ တည်သည်ရှိသော် ဤတရားတို့၌ တည်၏။

✔ *ရူပါရုံ = အဆင်း။* ✔ *သဒ္ဒါရုံ = အသံ။* ✔ *ဂန္ဓာရုံ = အနံ့။*
✔ *ရသာရုံ = အရသာ။* ✔ *ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိ။*

စက္ခုဝိညာဏံ လောကေ။ သောတဝိညာဏံ လောကေ။ ဃာနဝိညာဏံ လောကေ။ ဇိဝှါဝိညာဏံ လောကေ။ ကာယဝိညာဏံ လောကေ။ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကၡ စက္ခုဝိညာဏ်သည် ။ပ။ လောကၡ သောတဝိညာဏ်သည် ။ပ။ လောကၡ ဃာနဝိညာဏ်သည် ။ပ။ လောကၡ ဇိဝှါဝိညာဏ်သည် ။ပ။ လောကၡ ကာယဝိညာဏ်သည် ။ ပ။ လောကၡ မနောဝိညာဏ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ ဖြစ်၏။ တည်သည်ရှိသော် ဤမနောဝိညာဏ်၌ တည်၏။

✔ *စက္ခုဝိညာဏ် = မျက်စိ၌ မှီသောစိတ်။* ✔ *သောတဝိညာဏ် = နား၌ မှီသောစိတ်။*
✔ *ဃာနဝိညာဏ် = နှာခေါင်း၌ မှီသောစိတ်။* ✔ *ဇိဝှါဝိညာဏ် = လျှာ၌ မှီသောစိတ်။*
✔ *ကာယဝိညာဏ် = ကိုယ်၌ မှီသောစိတ်။* ✔ *မနောဝိညာဏ် = မနော၌ မှီသောစိတ်။*

စက္ခုသမ္ဖဿော လောကေ။ သောတသမ္ဖဿော လောကေ။ ဃာနသမ္ဖဿော လောကေ။ ဇိဝှါသမ္ဖဿော လောကေ။ ကာယသမ္ဖဿော လောကေ။ မနောသမ္ဖဿော လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကၝ စက္ခုသမ္ဖဿသည် ။ပ။ လောကၝ သောတသမ္ဖဿသည် ။ပ။ လောကၝ ဃာနသမ္ဖဿသည် ။ပ။ လောကၝ ဇိဝှါသမ္ဖဿသည် ။ပ။ လောကၝ ကာယသမ္ဖဿသည် ။ပ။ လောကၝ မနောသမ္ဖဿသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿၝ ဖြစ်၏။ တည်သည်ရှိသော် ဤမနောသမ္ဖဿၝ တည်၏။

- ✔ *စက္ခုသမ္ဖဿ= မျက်စိအတွေ့။*
- ✔ *သောတသမ္ဖဿ= နားအတွေ့။*
- ✔ *ဃာနသမ္ဖဿ= နှာခေါင်းအတွေ့။*
- ✔ *ဇိဝှါသမ္ဖဿ= လျှာအတွေ့။*
- ✔ *ကာယသမ္ဖဿ= ကိုယ်အတွေ့။*
- ✔ *မနောသမ္ဖဿ= မနောအတွေ့။*

စက္ခုသမ္ဖဿဇာ ဝေဒနာ လောကေ။ သောတသမ္ဖဿဇာ ဝေဒနာ လောကေ။ ဃာနသမ္ဖဿဇာ ဝေဒနာ လောကေ။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ လောကေ။ ကာယသမ္ဖဿဇာ ဝေဒနာ လောကေ။ မနောသမ္ဖဿဇာ ဝေဒနာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကၝ စက္ခုသမ္ဖဿဇာဝေဒနာသည် ။ပ။ လောကၝ သောတသမ္ဖဿဇာဝေဒနာသည် ။ပ။ လောကၝ ဃာနသမ္ဖဿဇာဝေဒနာသည် ။ပ။ လောကၝ ဇိဝှါသမ္ဖဿဇာဝေဒနာသည် ။ပ။ လောကၝ ကာယသမ္ဖဿဇာဝေဒနာသည် ။ပ။ လောကၝ မနောသမ္ဖဿဇာဝေဒနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာၝ ဖြစ်၏။ တည်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာၝ တည်၏။

- ✔ *စက္ခုသမ္ဖဿဇာဝေဒနာ = မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။*
- ✔ *သောတသမ္ဖဿဇာဝေဒနာ = နားအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။*
- ✔ *ဃာနသမ္ဖဿဇာဝေဒနာ = နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။*
- ✔ *ဇိဝှါသမ္ဖဿဇာဝေဒနာ = လျှာအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။*
- ✔ *ကာယသမ္ဖဿဇာဝေဒနာ = ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။*
- ✔ *မနောသမ္ဖဿဇာဝေဒနာ = မနောအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း။*

ရူပသညာ လောကေ။ သဒ္ဒသညာ လောကေ။ ဂန္ဓသညာ လောကေ။ ရသသညာ လောကေ။ ဖောဋ္ဌဗ္ဗသညာ လောကေ။ ဓမ္မသညာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောက၌ ရူပသညာသည် ။ပ။ လောက၌ သဒ္ဒသညာသည် ။ပ။ လောက၌ ဂန္ဓသညာသည် ။ပ။ လောက၌ ရသသညာသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာသည် ။ပ။ လောက၌ ဓမ္မသညာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မသညာ၌ တည်၏။

- ✔ *ရူပသညာ = ရူပါရုံ၌ မှတ်သားခြင်း။*
- ✔ *သဒ္ဒသညာ = သဒ္ဒါရုံ၌ မှတ်သားခြင်း။*
- ✔ *ဂန္ဓသညာ = ဂန္ဓာရုံ၌ မှတ်သားခြင်း။*
- ✔ *ရသသညာ = ရသာရုံ၌ မှတ်သားခြင်း။*
- ✔ *ဖောဋ္ဌဗ္ဗသညာ = ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သားခြင်း။*
- ✔ *ဓမ္မသညာ = ဓမ္မာရုံ၌ မှတ်သားခြင်း။*

ရူပသဉ္စေတနာ လောကေ။ သဒ္ဒသဉ္စေတနာ လောကေ။ ဂန္ဓသဉ္စေတနာ လောကေ။ ရသသဉ္စေတနာ လောကေ။ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ။ ဓမ္မသဉ္စေတနာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောက၌ ရူပသဉ္စေတနာသည် ။ပ။ လောက၌ သဒ္ဒသဉ္စေတနာသည် ။ပ။ လောက၌ ဂန္ဓသဉ္စေတနာသည် ။ပ။ လောက၌ ရသသဉ္စေတနာသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည် ။ပ။ လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ တည်၏။

- ✔ *ရူပသဉ္စေတနာ = ရူပါရုံ၌ စေ့ဆော်ခြင်း။*
- ✔ *သဒ္ဒသဉ္စေတနာ = သဒ္ဒါရုံ၌ စေ့ဆော်ခြင်း။*
- ✔ *ဂန္ဓသဉ္စေတနာ = ဂန္ဓာရုံ၌ စေ့ဆော်ခြင်း။*
- ✔ *ရသသဉ္စေတနာ = ရသာရုံ၌ စေ့ဆော်ခြင်း။*
- ✔ *ဖောဋ္ဌဗ္ဗသဉ္စေတနာ = ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်ခြင်း။*
- ✔ *ဓမ္မသဉ္စေတနာ = ဓမ္မာရုံ၌ စေ့ဆော်ခြင်း။*

ရူပတဏှာ လောကေ။ သဒ္ဒတဏှာ လောကေ။ ဂန္ဓတဏှာ လောကေ။ ရသတဏှာ လောကေ။ ဖောဋ္ဌဗ္ဗတဏှာ လောကေ။ ဓမ္မတဏှာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကဌ် ရူပတဏှာသည် ။ပ။ လောကဌ် သဒ္ဒတဏှာသည် ။ပ။ လောကဌ် ဂန္ဓတဏှာသည် ။ပ။ လောကဌ် ရသတဏှာသည် ။ပ။ လောကဌ် ဖောဋ္ဌဗ္ဗတဏှာသည် ။ပ။ လောကဌ် ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည် ရှိသော် ဤဓမ္မတဏှာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မတဏှာ၌ တည်၏။

✔ *ရူပတဏှာ = ရူပါရုံ၌ တပ်မက်ခြင်း။*

ရူပဝိတက္ကော လောကေ။ သဒ္ဒဝိတက္ကော လောကေ။ ဂန္ဓဝိတက္ကော လောကေ။ ရသဝိတက္ကော လောကေ။ ဖောဋ္ဌဗ္ဗဝိတက္ကော လောကေ။ ဓမ္မဝိတက္ကော လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

လောကဌ် ရူပဝိတက်သည် ။ပ။ လောကဌ် သဒ္ဒဝိတက်သည် ။ပ။ လောကဌ် ဂန္ဓဝိတက် သည် ။ပ။ လောကဌ် ရသဝိတက်သည် ။ပ။ လောကဌ် ဖောဋ္ဌဗ္ဗဝိတက်သည် ။ပ။ လောကဌ် ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိတက်၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မဝိတက်၌ တည်၏။

✔ *ရူပဝိတက် = ရူပါရုံ၌ ကြံစည်ခြင်း။*

ရူပဝိစာရော လောကေ။ သဒ္ဒဝိစာရော လောကေ။ ဂန္ဓဝိစာရော လောကေ။ ရသဝိစာရော လောကေ။ ဖောဋ္ဌဗ္ဗဝိစာရော လောကေ။ ဓမ္မဝိစာရော လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

လောကဌ် ရူပဝိစာရသည် ။ပ။ လောကဌ် သဒ္ဒဝိစာရသည် ။ပ။ လောကဌ် ဂန္ဓဝိစာရသည် ။ပ။ လောကဌ် ရသဝိစာရသည် ။ပ။ လောကဌ် ဖောဋ္ဌဗ္ဗဝိစာရသည် ။ပ။ လောကဌ် ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မဝိစာရ၌ တည်၏။ ရဟန်းတို့ ဤတရားသဘောကို အရိယာတို့ သိအပ်သော ဒုက္ခသမုဒယအရိယသစ္စာ-ဟူ၍ ဆိုအပ်၏။

✔ *ရူပဝိစာရ = ရူပါရုံ၌ သုံးသပ်ဆင်ခြင်ခြင်း။*

✔ *ဒုက္ခသမုဒယအရိယသစ္စာ = ဆင်းရဲဖြစ်ကြောင်းအရိယာတို့ သိအပ်သော အမှန်တရား။*

## နိရောဓသစ္စနိဒ္ဒေသ

၁၃၄။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ? ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## ဒုက္ခနိရောဓအရိယသစ္စာ

၁၃၄။ ရဟန်းတို့ ဒုက္ခနိရောဓအရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ တဏှာကို စွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွတ်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ (နိဗ္ဗာန်)တည်း။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ပဟီယမာနာ ပဟီယတိ၊ ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ယံ လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရဟန်းတို့ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် (ရှိ၏။)၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ချုပ်၏။

ကိဉ္စ လောကေ ပိယရူပံ သာတရူပံ? စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

သောတံ လောကေ။ ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘော သည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ် သည်ရှိသော် ဤမျက်စိ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်၏။ လောက၌ နားသည် ။ပ။ လောက၌ နှာခေါင်းသည် ။ပ။ လောက၌ လျှာသည် ။ပ။ လောက၌ ကိုယ်သည် ။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤစိတ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤစိတ်၌ ချုပ်၏။

ရူပါ လောကေ။ သဒ္ဒါ လောကေ။ ဂန္ဓာ လောကေ။ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောကဉ္ဝ ရူပါရုံတို့သည်။ လောကဉ္ဝ သဒ္ဒါရုံတို့သည်။ လောကဉ္ဝ ဂန္ဓာရုံတို့သည်။ လောကဉ္ဝ ရသာရုံတို့သည်။ လောကဉ္ဝ ဖောဋ္ဌဗ္ဗာရုံတို့သည်။ လောကဉ္ဝ ဓမ္မာရုံတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤတရားတို့၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤတရားတို့၌ ချုပ်၏။

စက္ခုဝိညာဏံ လောကေ။ သောတဝိညာဏံ လောကေ။ ဃာနဝိညာဏံ လောကေ။ ဇိဝှါဝိညာဏံ လောကေ။ ကာယဝိညာဏံ လောကေ။ မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောကဉ္ဝ စက္ခုဝိညာဏ်သည် ။ပ။ လောကဉ္ဝ သောတဝိညာဏ်သည် ။ပ။ လောကဉ္ဝ ဃာနဝိညာဏ်သည် ။ပ။ လောကဉ္ဝ ဇိဝှါဝိညာဏ်သည် ။ပ။ လောကဉ္ဝ ကာယဝိညာဏ်သည် ။ပ။ လောကဉ္ဝ မနောဝိညာဏ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

စက္ခုသမ္ဖဿော လောကေ။ သောတသမ္ဖဿော လောကေ။ ဃာနသမ္ဖဿော လောကေ။ ဇိဝှါသမ္ဖဿော လောကေ။ ကာယသမ္ဖဿော လောကေ။ မနောသမ္ဖဿော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောကဉ္ဝ စက္ခုသမ္ဖဿသည် ။ပ။ လောကဉ္ဝ သောတသမ္ဖဿသည် ။ပ။ လောကဉ္ဝ ဃာနသမ္ဖဿသည် ။ပ။ လောကဉ္ဝ ဇိဝှါသမ္ဖဿသည် ။ပ။ လောကဉ္ဝ ကာယသမ္ဖဿသည် ။ပ။ လောကဉ္ဝ မနောသမ္ဖဿသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ချုပ်၏။

စက္ခုသမ္ဖဿဇာဝေဒနာ လောကေ။ သောတသမ္ဖဿဇာဝေဒနာ လောကေ။ ဃာနသမ္ဖ-ဿဇာဝေဒနာ လောကေ။ ဇိဝှါသမ္ဖဿဇာဝေဒနာ လောကေ။ ကာယသမ္ဖဿဇာဝေဒနာ လောကေ။ မနောသမ္ဖဿဇာဝေဒနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာသည် ။ပ။ လောက၌ သောတသမ္ဖဿဇာဝေဒနာသည် ။ပ။ လောက၌ ဃာနသမ္ဖဿဇာဝေဒနာသည် ။ပ။ လောက၌ ဇိဝှါသမ္ဖဿဇာဝေဒနာသည် ။ပ။ လောက၌ ကာယသမ္ဖဿဇာဝေဒနာသည် ။ပ။ လောက၌ မနောသမ္ဖဿဇာဝေဒနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ချုပ်၏။

ရူပသညာ လောကေ။ သဒ္ဒသညာ လောကေ။ ဂန္ဓသညာ လောကေ။ ရသသညာ လောကေ။ ဖောဋ္ဌဗ္ဗသညာ လောကေ။ ဓမ္မသညာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောက၌ ရူပသညာသည် ။ပ။ လောက၌ သဒ္ဒသညာသည် ။ပ။ လောက၌ ဂန္ဓသညာသည် ။ပ။ လောက၌ ရသသညာသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာသည် ။ပ။ လောက၌ ဓမ္မသညာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသညာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသညာ၌ ချုပ်၏။

ရူပသဉ္စေတနာ လောကေ။ သဒ္ဒသဉ္စေတနာ လောကေ။ ဂန္ဓသဉ္စေတနာ လောကေ။ ရသသဉ္စေတနာ လောကေ။ ဖောဋ္ဌဗ္ဗသဉ္စေတနာ လောကေ။ ဓမ္မသဉ္စေတနာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောက၌ ရူပသဉ္စေတနာသည် ။ပ။ လောက၌ သဒ္ဒသဉ္စေတနာသည် ။ပ။ လောက၌ ဂန္ဓသဉ္စေတနာသည် ။ပ။ လောက၌ ရသသဉ္စေတနာသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည် ။ပ။ လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ချုပ်၏။

ရူပတဏှာ လောကေ။ သဒ္ဒတဏှာ လောကေ။ ဂန္ဓတဏှာ လောကေ။ ရသတဏှာ လောကေ။ ဖောဋ္ဌဗ္ဗတဏှာ လောကေ။ ဓမ္မတဏှာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောက၌ ရူပတဏှာသည် ။ပ။ လောက၌ သဒ္ဒတဏှာသည် ။ပ။ လောက၌ ဂန္ဓတဏှာသည် ။ပ။ လောက၌ ရသတဏှာသည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည် ။ပ။ လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ချုပ်၏။

ရူပဝိတက္ကော လောကေ။ သဒ္ဒဝိတက္ကော လောကေ။ ဂန္ဓဝိတက္ကော လောကေ။ ရသဝိတက္ကော လောကေ။ ဖောဋ္ဌဗ္ဗဝိတက္ကော လောကေ။ ဓမ္မဝိတက္ကော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

လောက၌ ရူပဝိတက်သည် ။ပ။ လောက၌ သဒ္ဒဝိတက်သည် ။ပ။ လောက၌ ဂန္ဓဝိတက်သည် ။ပ။ လောက၌ ရသဝိတက်သည် ။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည် ။ပ။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

ရူပဝိစာရော လောကေ။ သဒ္ဒဝိစာရော လောကေ။ ဂန္ဓဝိစာရော လောကေ။ ရသဝိစာရော လောကေ။ ဖောဋ္ဌဗ္ဗဝိစာရော လောကေ။ ဓမ္မဝိစာရော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

လောက၌ ရူပဝိစာရသည် ။ပ။ လောက၌ သဒ္ဒဝိစာရသည် ။ပ။ လောက၌ ဂန္ဓဝိစာရသည် ။ပ။ လောက၌ ရသဝိစာရသည် ။ပ။ လောက၌ ဖောဋ္ဌဗဝိစာရသည် ။ပ။ လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ချုပ်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓအရိယသစ္စာ-ဟူ၍ ဆိုအပ်၏။

✔ *ဒုက္ခနိရောဓအရိယသစ္စာ = ဒုက္ခ၏ချုပ်ရာ အရိယာတို့သိအပ်သော အမှန်တရား။*

## မဂ္ဂသစ္စနိဒ္ဒေသ

၁၃၅။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ? အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ

၁၃၅။ ရဟန်းတို့ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ-သည် အဘယ်နည်း။ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့် လမ်းတည်း။ ဤမဂ်အကျင့်လမ်းတို့သည် အဘယ်တို့နည်း၊ သမ္မာဒဋ္ဌိ, သမ္မသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-တို့ပေတည်း။

✔ *ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ = ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဟူသော အရိယာတို့သိအပ်သော အမှန်တရား။*

✔ *သမ္မာဒိဋ္ဌိ = မှန်စွာသိခြင်း။*
✔ *သမ္မာသင်္ကပ္ပ = မှန်စွာကြံခြင်း။*
✔ *သမ္မာဝါစာ = မှန်စွာပြောဆိုခြင်း*
✔ *သမ္မာကမ္မန္တ = မှန်စွာပြုလုပ်ခြင်း။*
✔ *သမ္မာအာဇီဝ = မှန်စွာအသက်မွေးခြင်း။*
✔ *သမ္မာဝါယာမ = မှန်စွာအားထုတ်ခြင်း။*
✔ *သမ္မာသတိ = မှန်စွာအောက်မေ့ခြင်း။*
✔ *သမ္မာသမာဓိ = မှန်စွာတည်ကြည်ခြင်း။*

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ? ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

ရဟန်းတို့ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း ဒုက္ခ၏ဖြစ်ကြောင်း၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့ ဤ(သိမြင်ခြင်း)ကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟူ၍ ဆိုအပ်၏။

ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပော? နေက္ခမ္မသင်္ကပ္ပော, အဗျာပါဒသင်္ကပ္ပော, အဝိဟိံသာသင်္ကပ္ပော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပော။

ရဟန်းတို့ သမ္မာသင်္ကပ္ပသည် အဘယ်နည်း။

(ကာမအာရုံမှ)လွတ်ကင်းသော ကြံစည်ခြင်း ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း ညှင်းဆဲခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြံခြင်း)ကို မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' ဟူ၍ ဆိုအပ်၏။

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ? မုသာဝါဒါ ဝေရမဏီ, ပိသုဏာယ ဝါစာယ ဝေရမဏီ, ဖရုသာယ ဝါစာယ ဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

ရဟန်းတို့ သမ္မာဝါစာသည် အဘယ်နည်း။
မဟုတ်မမှန် ပြောခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကုန်းစကားမှ ကြဉ်ရှောင်ခြင်း၊ ရုန့်ကြမ်းသော စကားမှကြဉ်ရှောင်ခြင်း၊ ပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြဉ်ရှောင်ခြင်း)ကို မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' ဟူ၍ ဆိုအပ်၏။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော? ပါဏာတိပါတာ ဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ, ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။

ရဟန်းတို့ သမ္မာကမ္မန္တသည် အဘယ်နည်း။
အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြဉ်ရှောင်ခြင်း)ကို မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' ဟူ၍ ဆိုအပ်၏။

ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ? ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

ရဟန်းတို့ သမ္မာအာဇီဝသည် အဘယ်နည်း။
ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သောတပည့်သည် မှားသော အသက်မွေးခြင်းကို ပယ်စွန့်၍ မှန်စွာအသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤ (အသက်မွေးခြင်း)ကို မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟူ၍ ဆိုအပ်၏။

ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော? ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

ရဟန်းတို့ သမ္မာဝါယာမသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှင့်၏၊ ဆောက်တည်၏၊ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကိုပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှင့်၏၊ ဆောက်တည်၏၊ မဖြစ်သေးသော ကုသိုလ် တရားတို့ကို ဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှင့်၏၊ ဆောက်တည်၏၊ ဖြစ်ပြီးသော ကုသိုလ် တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှင့်၏၊ ဆောက်တည်၏၊ ရဟန်းတို့ ဤ(အားထုတ်ခြင်း)ကို မှန်စွာအားထုတ်ခြင်း ‘သမ္မာဝါယာမ’ ဟူ၍ ဆိုအပ်၏။

ကတမာ စ ဘိက္ခဝေ သမ္မာသတိ? ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ရဟန်းတို့ သမ္မာသတိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ရဟန်းတို့ ဤအောက်မေ့ခြင်းသတိကို မှန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ' ဟူ၍ ဆိုအပ်၏။

ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ? ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ၊ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာ-သတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ရဟန်းတို့ သမ္မာသမာဓိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော (နီဝရဏ) ကင်းခြင်းကြောင့်ဖြစ်သည့် ပီတိ သုခရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊

ဝိတက်ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော သမာဓိကို ပွါးစေတတ်သော ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိကြောင့်ဖြစ်သော ပီတိသုခ ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။

ပီတိ၏လည်း ကင်းခြင်းကြောင့် အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက်နေ၏၊ သုခကို လည်း ကိုယ်ဖြင့်ခံစား၏၊ အကြင် (တတိယဈာန်)ကြောင့် ထိုသူကို "အမျှရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။

ချမ်းသာ, ဆင်းရဲကို ပယ်ခြင်းကြောင့်၄င်း၊ ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ခြင်းကြောင့်၄င်း၊ ဆင်းရဲချမ်းသာကင်းသော ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသမာဓိကို မှန်ကန်စွာ တည်ကြည်ခြင်း "သမ္မာသမာဓိ"ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာဟူ၍ ဆိုအပ်၏။

ဣက္ကတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ "အတ္ထိ ဓမ္မာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု။

**သစ္စပဗ္ဗံ နိဋ္ဌိတံ။**
**ဓမ္မာနုပဿနာ နိဋ္ဌိတာ။**

၁၃၆။ ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတစ်ပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှာသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန်တိုးပွါးခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ, ငါ၏ဥစ္စာဟု)စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**သစ္စာပိုင်းပြီး၏။**

**သဘောတရားကို ဆင်ခြင်ခြင်းပြီး၏။**

## အာနိသံသကထာ

၁၃၇။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ ဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

၁၃၇။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးဪအံ့၊ ထိုပွါးသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ် ဖြစ်စေ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု)အလိုရှိအပ်၏။

၁၀၂။ တိဋ္ဌန္တု ဘိက္ခဝေ သတ္တ ဝဿာနိ။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ ဝဿာနိ ။ ပ ။ ပဉ္စ ဝဿာနိ။ စတ္တာရိ ဝဿာနိ။ တီဏိ ဝဿာနိ။ ဒွေ ဝဿာနိ။ ဧကံ ဝဿံ။

ရဟန်းတို့ ခုနစ်နှစ်ကိုထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန် လေးပါးတို့ကို ခြောက်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ။ပ။ ငါးနှစ်တို့ပတ်လုံး။ပ။ လေးနှစ်တို့ပတ်လုံး။။ပ။သုံးနှစ်တို့ပတ်လုံး။ နှစ်နှစ်တို့ပတ်လုံး။

တိဋ္ဌတု ဘိက္ခဝေ ဧကံ ဝဿံ။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ မာသာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ရဟန်းတို့ တနှစ်ကိုထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါး တို့ကို ခုနစ်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးဪအံ့ ထိုပွါးသောပုဂ္ဂိုလ်အားမျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ, ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ, ဤဖိုလ်နှစ်ပါး တို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု)အလိုရှိအပ်၏။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ မာသာနိ။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ မာသာနိ ။ ပ ။ ပဉ္စ မာသာနိ။ စတ္တာရိ မာသာနိ။ တီဏိ မာသာနိ။ ဒွေ မာသာနိ။ ဧကံ မာသံ။ အဍ္ဎမာသံ။

ရဟန်းတို့ ခုနစ်လကိုထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးငြားအံ့။ ငါးလတို့ပတ်လုံး။ လေးလတို့ပတ်လုံး။ သုံးလတို့ပတ်လုံး။ နှစ်လတို့ပတ်လုံး၊ တစ်လပတ်လုံး။ လခွဲပတ်လုံး။

တိဋ္ဌတု ဘိက္ခဝေ အဍ္ဎမာသော။ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာတိ။

ရဟန်းတို့ လခွဲကိုထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးငြားအံ့။ ထိုပွါးသောပုဂ္ဂိုလ်အားမျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ် ဖြစ်စေ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည် ဟု)အလိုရှိအပ်၏။

## နိဂမကထာ

၁၀၆။ "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ, သောက ပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ"တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တန္တိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ တိံသမတ္တာနံ ဘိက္ခုသဟဿာနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

**မဟာသတိပဋ္ဌာနသုတ္တံ နိဋ္ဌိတံ။**

"ရဟန်းတို့ ဤလမ်းခရီးသည် သတ္တဝါတို့၏စိတ်စင်ကြယ်ရန် စိုးရိမ်ပူပင်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ကို ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်တရားလေးပါးတို့ပင်တည်း" ဟု ဤသို့အကြင်သတိပဋ္ဌာန်တရားကြေညာချက်ကို ငါဆိုခဲ့၏၊ ဤကြေညာချက်ကို ဤ(အကျိုးနှစ်ပါးတို့တွင် တပါးပါး အမှန်ရရှိနိုင်ခြင်း)ကို ရည်ရွယ်၍ ဆို၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ဂါထာမဖက်သက်သက် အမေး+အဖြေဖြစ်သော ဤစုဏ္ဏိယဒေသနာတော်ကို ဟောတော်မူအပ်သည်ရှိသော် သုံးသောင်းမျှလောက်ကုန်သော ရဟန်းတို့အား တစုံတခုသောတရားကို တဏှာ, ဒိဋ္ဌိမာနတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ်တို့သည် လွတ်ကြကုန်၏။

**မဟာသတိပဋ္ဌာနသုတ်ပြီး၏ ။**

========================